## ယေရှုကဲ့သို့ဆုတောင်းရန် လေ့လာသင်ယူခြင်း- IDMM

LEARNING TO PRAY LIKE JESUS – IDMM

**နေ့စွဲ- ၁၈/၁၉** (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊သူ) သည်

၁. ယေရှု၏ဆုတောင်းခြင်းစံနမူနာ ကို သူတို့၏အသက်တာများတွင်လက်တွေ့ကျင့်သုံးသွားရန် ဖြစ်သည်။

၂. တသမတ်တည်းဆုတောင်းခြင်းကို ပို၍ အပ်နှံနိုင်လိမ့်မည်။

၃. အခြားသူများထံသို့ ရောက်ရှိနိုင်ရန် ဆုတောင်းခြင်း နှင့် ဘုရားသခင် ၏ ဦးဆောင်မှု ကို ခံယူ နိုင်လိမ့်မည်။

**သင်တန်းဆရာများအတွက် မြုံငုံသုံးသပ်ခြင်း-** ဤသင်ခန်းစာများသည် တပည့်တော်ဖြစ်စေခြင်း လှုပ်ရှားမှု သင်တန်းမှ လိုက်ဖက်အောင်ပြင်ဆင်ထားသည်။

### ပွဲဦးထွက်စတင်သူ (၅")

**သရုပ်ဖော်ခြင်း-** မိတ်ဆွေနှစ်ဦးတို့သည် စကားပြောနေကြသည်။

**ပထမပုဂ္ဂိုလ်-** ကျွန်တော် တို့ ဆုတောင်းချိန် ကို ဒီည သင် လာနိုင်မလား။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်လာတော့လာချင်တယ်။ ဒါပေမဲ့ ကျွန်တော်အရမ်းအလုပ်များနေတယ်။

**ပထမပုဂ္ဂိုလ်-** အို… သင်ဘာလုပ်နေသလဲ။

**ဒုတိယပုဂ္ဂိုလ်-** ပထမအနေဖြင့် ကျွန်တော်သည် ပန်းခြံတစ်ခုတွင်အလုပ်လုပ်ရန်ရှိသည်။ ၎င်းနောက် ကျွန်တော်သည် သတင်းနားထောင်ပါလိမ့်မယ်။ အို…. ဒီနေ့ည ရုပ်မြင်သံကြားတွင် အင်မတန်မှ နာမည်ကြီးသောဘောလုံးပွဲတစ်ပွဲရှိသည်။

**ပထမပုဂ္ဂိုလ်-** ဒါဆို ခင်များအတွက် ဆုတောင်းချိန်မရှိတော့ဘူးပေါ့။

**ဒုတိယပုဂ္ဂိုလ်-** ဒီနေ့ည အတွက် တော့ မရှိဘူး၊ အခြားတစ်ချိန်ချိန်ဖြစ်နိုင်သည်။

**-------SHO မေးခွန်းများ----------------**

S= သင်ဘာကို**မြင်**သနည်း။

H= ဘာတွေ**ဖြစ်ပျက်**ခဲ့သနည်း။

O= ဤအရာသည် **ကျွန်တော်တို့**၏နေရာဒေသတွင် ဖြစ်ပျက်သလား။

### I. ယေရှု၏စံနမူနာ (20")

ဆုတောင်းခြင်းသည်အရေးကြီးသည်ကိုနားလည်သဘောပေါက်စေရန် ကျွန်တော်တို့၏ပုံသက်သေ ဖြစ်သော ယေရှုအားကြည့်ရှုရန်လိုအပ်ပါသည်။ အဖွဲ့ငယ် ရှစ်ဖွဲ့ခွဲပါ။ တစ်ဖွဲ့စီတိုင်းအား စုံစမ်းစစ်ဆေးရန် သမ္မာကျမ်းပိုဒ်တစ်ခုစီကို ပေးပါ။ ကျမ်းပိုဒ်၌ရှိသောစကားစပ်ကို ကြည့်ပါ။ ပြန်၍အစီရင်ခံစေပါ။

- ဘယ်အချိန်မှာ ယေရှု ဆုတောင်းခဲ့သနည်း။
- ယေရှုသည် အဘယ်အရာအတွက် ဆုတောင်းခဲ့သနည်း။

က. <u>ရှင်လုကာ ၅း၁၅-၁၆</u>

၁. များစွာသောလူအပေါင်းတို့သည် တရားနာရန်ယေရှု အထံတော် တို့ ရောက်လာကြသည်။
၂. များစွာသောလူအပေါင်းတို့သည် အနာငြိမ်းစေခြင်းကိုခံရသည်။
၃. သို့သော်လည်း ယေရှုသည် ဆုတောင်းရန် ဆိတ်ငြိမ်ရာ အရပ်သို့သွားခဲ့သည်။
၄. ယေရှုသည် အဖခမည်းတော်နှင့် အတူဆုတောင်းရန် အချိန်လိုအပ်ခဲ့သည်။

ခ. <u>ရှင်လုကာ ၆း၁၂-၁၃</u>

၁. ယေရှုသည် ဘုရားသခင်အား တစ်ညလုံး ဆုတောင်းခဲ့သည်။
၂. ယေရှုသည် ဆုတောင်းရန် တောင်ပေါ်သို့သွားခဲ့သည်။
၃. နောက်တနေ့မနက်တွင် ကိုယ်တော်သည် တပည့်တော်တစ်ဆယ့်နှစ်ပါးကိုရွေးချယ်ခဲ့သည်။

ဂ. <u>ရှင်မာကု ၁း၃၅-၃၈</u>

၁. အပေါင်းအဘော်အားလုံးတို့ သည် ကိုယ်တော်ကိုလိုက်ရှာကြသော်လည်း ယေရှုသည် ဆုတောင်းရန် ဆိတ်ကွယ်ရာအရပ်သို့သွားခဲ့သည်။
၂. မိုးမလင်းမီ နံနက်အချိန်တွင် ယေရှုသည်ဆုတောင်းခဲ့သည်။
၃. ယေရှုသည် လူပေါင်းများစွာအား အနာငြိမ်းစေခဲ့သည်။
၄. ယေရှုသည် နီးစပ်သောမြို့များသို့တရားဟောပြောရန် အဆင်သင့် ဖြစ်နေသည်။

ဃ. <u>ရှင်မဿဲ ၁၄း၂၂-၂၃</u>

၁. ဤအရာသည် လူပေါင်းငါးထောင်အားကျွေးမွေးခဲ့ပြီးနောက် ဖြစ်ပျက်ခဲ့သည်။
၂. ယေရှုသည် တပည့်တော်များအားလှေစီး၍ ကမ်းတဘက်သို့ကူးစေခဲ့သည်။
လူအပေါင်းတို့ကိုပယ်ခဲ့သည်။
၃. ယေရှုသည် ဆုတောင်းပဌာနပြုရန်ဆိတ်ကွယ်ရာအရပ်တောင်ပေါ်သို့ သွားခဲ့သည်။
၄. ယေရှုသည် ညနေတိုင်အောင် ဆုတောင်းခဲ့သည်။

င. <u>ရှင်ယောဟန် ၅း၁၉-၂၀</u>

၁. ယေရှုသည် မိမိအလိုအလျောက်အဘယ်အမှုကိုမျှ မပြုလုပ်ခဲ့ပေ။
၂. ယေရှုသည် ခမည်းတော်ပြုတော်မူ သောအရာ ကို မြင်၍သာ ပြုခဲ့သည်။
၃. ခမည်းတော်သည် ထိုအမှုအရာ အလုံးစုံတို့ကို ပြလေ၏။
၄. ယေရှုသည်ခမည်းတော်ထံပါးမှ လေ့လာသင်ယူရန် ခမည်းတော်နှင့်အတူ အချိန်ယူရန် လိုအပ်ခဲ့သည်။

**စ. မဿဲ ၆း ၉-၁၀**

၁. ယေရှုသည် ရိုသေလေးမြတ်ခြင်းနှင့် ဂုဏ်အသရေထင်ရှားစေရန် ကိုယ်တော်၏ခမည်းတော်အား ဆုတောင်းခဲ့သည်။
၂. ယေရှုသည် နိုင်ငံတော်တည်ထောင်လာစေရန်အတွက် ဆုတောင်းခဲ့သည်။
၃. ယေရှုသည် ခမည်းတော်၏အလိုတော်သည် ကောင်းကင်ဘုံနှင့် မြေကြီးပေါ်မှာပြည့်စုံစေရန်အတွက် ဆုတောင်းခဲ့သည်။
၄. ယေရှုသည် မိမိအတွက်ဆုမတောင်းခဲ့ပါ။

**ဆ. မဿဲ ၂၆း ၃၆-၃၉**

၁. ယေရှုသည် ဂေသရေမန်ဥယျာဉ်၌ ဆုတောင်းသည်။
၂. ယေရှုသည် စိတ်နှလုံးအလွန်ညှိုးငယ်ခြင်းနှင့် စိတ်ဒုက္ခရောက်ခြင်းရှိခဲ့သည်။
၃. ယေရှုသည် လက်ဂါးကားတိုင်တင်သတ်ခြင်း ကိုခံရသည်။
၄. ယေရှုသည် ကြီးလေးသောဝေဒနာခံစားမှုမှကင်းလွှတ်ရန် တောင်းဆိုခဲ့သည်။
၅. သို့သော်လည်း ယေရှုသည် မိမိအလိုရှိသည်အတိုင်းမဖြစ်စေရန်နှင့်ခမည်းတော်အလိုတော်ရှိသည်အတိုင်းဖြစ်စေရန်အတွက် ဆုတောင်းခဲ့သည်။

**ဇ. ယောဟန် ၁၇း ၂၀-၂၁**

၁. ယေရှုသည် တပည့်တော်များနှင့် သူတို့၏ ဟောပြောခြင်းအားဖြင့် ကိုယ်တော်ကို ယုံကြည်လက်ခံလာမည့်သူများအတွက် ဆုတောင်းပေးခဲ့သည်။
၂. ယေရှုသည် ကျွန်တော်တို့အတွက်ဆုတောင်းပေးခဲ့သည်။
၃. ယေရှုသည် ယုံကြည်သူများ တစ်လုံးတစ်ဝတည်းဖြစ်စေရန်အတွက် ဆုတောင်းပေးခဲ့သည်။
၄. ဤအရာက ခမည်းတော်ဘုရားသခင်သည် သားတော်ယေရှုအားစေလွှတ်ခဲ့သည်ကို ကမ္ဘာလောကကို ပြသခဲ့လိမ့်သည်။

**II. ယေရှု၏စံနမူနာနောက်သို့လိုက်ခြင်း (၁၀”)**

**က. အကယ်၍ယေရှုသည် ကျွန်တော်တို့၏စံနမူနာဖြစ်လျှင် ကျွန်တော်တို့သည် ဘယ်အချိန်နှင့် အဘယ်ကဲ့သို့ ဆုတောင်းသင့်သနည်း။**

၁. ကျွန်တော်တို့သည် ဆုတောင်းရန်အတွက်အချိန်ကိုခွဲခန့်မှတ်သားရန်လိုအပ်သည်။
၂. ယေရှုသည် တစ်ကြိမ်ဆုတောင်းရာတွင် နာရီပေါင်းများစွာဆုတောင်းခဲ့သည်။
၃. ကျွန်တော်တို့သည် စိတ်ပျံ့လွင့်ခြင်းနှင့်အလုပ်များသောနေရာများနှင့်ဝေးသော ဆိတ်ကွယ်ရာနေရာတစ်ခုကို လိုအပ်သည်။
၄. ကျွန်တော်တို့သည် နေ့ သို့မဟုတ် ည ဘယ်အချိန်မဆို ဆုတောင်းနိုင်သည်။
၅. ယေရှုသည် ဆုံးဖြတ်ချက်များချရန်ရှိသောအချိန်တွင် ဆုတောင်းခဲ့သည်။
၆. ကျွန်တော်တို့သည် ကျွန်တော်တို့၏သာသနာ့လုပ်ငန်းများအတွက် ဆုတောင်းရန်လိုအပ်သည်။
၇. ကျွန်တော်တို့သည် ကျွန်တော်တို့ တပည့်တော် တွေ အတွက် ဆုတောင်းပေးရန်လိုအပ်သည်။

၈. ကျွန်တော်တို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက်ဆုတောင်းရန် လိုအပ်သည်။
၉. ကျွန်တော်တို့သည် ကြီးမားသောစိတ်ဖိစီးမှုများနှင့် စိတ်ညှိုးငယ်မှုများရှိသောအခါ ဆုတောင်းသင့်သည်။
၁၀. သို့သော်လည်း ယေရှုသည် လူကြိုက်များသော အချိန် ၌ လည်း ဆုတောင်းရန်အချိန်ယူခဲ့သည်။

<u>ခ. သင်၏မိမိကိုယ်ပိုင်ဆုတောင်းခြင်းအသက်တာအကြောင်းကို စဉ်းစားပါ။ ဆုတောင်းရန် အချိန်အနည်းငယ်ယူပါ။ ယေရှု၏စံနမူနာနောက်သို့လိုက်ရန်အတွက်ပြုလုပ်ရန် သင်သည်အဘယ်သို့သော ပြောင်းလဲမှုများကိုလိုအပ်သနည်း။</u>

စက္ကူစာရွက်တစ်ရွက်ပေါ်တွင် သင်၏ပြောဆိုမှုများဖြစ်သော "ငါ...လိမ့်မည်" တို့ကို ရေးချပါ။ အခြားသူနှစ်ဦးနှင့်တွေ့ဆုံပါ။ သင်၏ "ငါ.....လိမ့်မည်" ဟူသောပြောဆိုမှုများကို ဝေငှပါ။ ဆုတောင်းပါ (ရှာဖွေတွေ့ရှိသောအဖွဲ့အလေ့အကျင့်အတွက် ပုံသက်သေဖြစ်ရန်)။

## III. အခြားသူများအတွက်ဆုတောင်းပေးခြင်း (၁၀")

**က. ရှင်ယောဟန် ၆း၄၄-၄၅ ကို သေချာစွာဖတ်ပါ။**

<u>**၁. အဖခမည်းတော်ဘုရားသခင်သည် ဘာလုပ်နေသနည်း။**</u>

၁.က. ခမည်းတော်သည် လူတွေကို ယေရှုထံသို့လာဖို့ ဆွဲဆောင်သည်။
၁. ခ. ခမည်းတော်သည် သူတို့အားသင်ကြားပေးသည်။

<u>**၂. သားတော်သည် ဘာလုပ်နေသနည်း။**</u>

၂.က. ယေရှုသည် ခမည်းတော်ကစေလွှတ်လိုက်သောသူများကို လက်ခံသည်။
၂. ခ. ယေရှုသည် နောက်ဆုံးသောနေ့တွင်သူ့အားထမြောက်စေရန် ဆုတောင်းသည်။

<u>**၃. လူအပေါင်းတို့သည် ဘာလုပ်နေသနည်း။**</u>

၃.က. သူတို့သည် ခမည်းတော်ဖြင့်ဆွဲဆောင်ခြင်းခံရသည်။
၃.ခ. သူတို့သည် ယေရှုထံသို့လာသည်။
၃.ဂ. သူတို့သည် ခမည်းတော်ဘုရားထံမှ ကြားနာကြသည်၊ လေ့လာသင်ယူကြသည်။

<u>**၄. ဤကျမ်းပိုဒ်ကိုကျွန်တော်၏အသက်တာနှင့် ကျွန်တော်တို့ပတ်ဝန်းကျင်ရှိလူများတွင်အဘယ်ကဲ့သို့ လက်တွေ့အသုံးချမည်နည်း။**</u>

က. ကျွန်တော်တို့သည် အဖခမည်းတော်ထံမှ နားထောင်ရန်နှင့် လေ့လာသင်ယူရန် လိုအပ်သည်။
ခ. ခမည်းတော်သည် ကျွန်တော်တို့အား သွန်သင်လိမ့်မည်။
ဂ. ခမည်းတော်သည် အခြားသူများကိုယေရှုထံသို့ဆွဲဆောင်ရန် အလုပ်လုပ်နေသည်။
ဃ. ကျွန်တော်တို့သည် အခြားသူများယေရှုကိုသိကျွမ်းစေရန်အတွက် ဆုတောင်းရန်လိုအပ်သည်။
င.ခရစ်တော်၌ကျွန်တော်တို့၏ ယုံကြည်ခြင်းကို သူတို့နှင့်မျှဝေငှရန် အခွင့်အရေးများအတွက်

ဆုတောင်းရန်လိုအပ်သည်။

**ခ. ရက်သတ္တပတ်အတွင်း သင်နှင့်အပြန်အလှန်အကျိုးသက်ရောက်မှု သို့မဟုတ် စကားပြောဆိုရန် ရှိသော လူအချို့မှာမည်သူနည်း။**

၁. ကျွန်တော့်၏မိသားစု
၂. ကျွန်တော့်၏အိမ်နီးနားချင်းများ (စပ်ဆိုင်သူများ)
၃. ကျွန်တော့်၏လုပ်ဖော်ကိုင်ဖက်များ
၄. ကျွန်တော့်၏မိတ်ဆွေများ
၅. ကုန်စုံဆိုင်ရှိ စာရေး
၆. ကော်ဖီဆိုင် ရှိ စားပွဲထိုး
၇. ကျွန်တော်တို့၏ဘောလုံးအသင်း
၈. ကျွန်တော့်၏အိမ်ရှင်၊ အဆောက်အဦးပိုင်ရှင်။
၉. လူမှုကွန်ယက်၌ ကျွန်တော့်၏မိတ်ဆွေများ
၁၀. ကျွန်တော်နှင့်စကားစမြည်ပြောဆိုသူများ

**ဂ. ဘုရားသခင်သည် ထိုသူများထံသို့ရောက်စေရန် သင့်အားအဘယ်ကဲ့သို့ကူညီနိုင်သနည်း။**

၁. ကျွန်တော်တို့သည် မိမိ ကို မည်သူ ဆွဲဆောင်နေသည် ကို ဘုရားသခင် အား မေးမြန်းရန် လိုသည်။
၂. ဘုရားသခင်သည် ကျွန်တော်တို့အား အဘယ်နေရာဒေသ သို့မဟုတ် အဘယ် သူများကိုအလေးထားရန် ပြသလိမ့်မည်။
၃. ဘုရားသခင်သည် ထိုသူများထံ အဘယ်သို့ရောက်ရှိစေရန် ကျွန်တော်တို့အား လမ်းညွှန်မှုပေးလိမ့်မည်။
၄. ဘုရားသခင်သည် ထိုသူတို့ကိုသာ၍သိကျွမ်းစေရန် နည်းလမ်းများကိုကျွန်တော်တို့အား ပြသလိမ့်မည်။
၅. ဘုရားသခင်သည် ထိုသူတို့အား ခရစ်တော်ကိုသိကျွမ်းစေရန် ဦးဆောင်လိမ့်မည်။

## IV. ဆုတောင်းခြင်း

က. ဆုတောင်းရာတွင်အချိန်ကြာကြာယူပြီး ကျွန်တော်တို့သည် မိမိကိုယ်ကို ပိုမို နီးကပ်စွာ ချဉ်းကပ်နေသည့် ဘုရားသခင်အားမည်သူဖြစ်ကြောင်း ဘုရားသခင် ကို ဆုတောင်း၍ အချိန်ပေးပါ။ သူတို့၏အမည်များကိုစာရင်းပြုစုပါ။

ခ. ထို့နောက် သင်ရေးမှတ်ထားသောနာမည်များနှင့်ပတ်သက်၍ ဘုရားသခင်သင့်အား ပြုလုပ်လိုသော သီးခြားသတ်မှတ်ထားသည့်အရာ (အရာများ) သည် အဘယ်အရာဖြစ်သည်ကို ဘုရားသခင်အား မေးမြန်းပါ။ လမ်းညွှန်မှုများကို နားထောင်ပြီး ရေးမှတ်ပါ။

ဂ. ဘုရားသခင် သင့်အား ဖေါ်ပြခဲ့သည့်အတိုင်းနာခံရန် ဤအပတ်တွင် သင်ဘာလုပ်မည်နည်း။

၁. ကျွန်တော်သည်................လိမ့်မည်
၂. ကျွန်တော်သည် .........ရန်စီစဉ်သည်

၃. နက်ဖြန်နေ့တွင် ကျွန်တော်သည် ....... လိမ့်မည်
၄. ဤအပတ်တွင် ကျွန်တော်သည် ......လိမ့်မည်

**ကိုးကားချက်များ-**


Cityteam International. 2016. Available from: http://www.cityteam.org/about/
Smit, H. 2016. *Disciple Making Movements.* Cityteam.
Trousdale, J. 2012. *Miraculous Movements*. Cityteam International.
Watson, D. and P. Watson. *Contagious Disciple-making.* Thomas Nelson


**ရပ်တည်မှု-** ကျွန်တော်တို့သည် ယေရှုဆုတောင်းခဲ့သကဲ့သို့ ဆုတောင်းရန်အတွက်လေ့လာရန် အလိုရှိသည်။

**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများတို့သည် ယေရှုဆုတောင်းခဲ့သကဲ့သို့ အဘယ်ကဲ့သို့ဆုတောင်းရန် လေ့လာသင်ယူလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် သူတို့မိသားစု၊ မိတ်ဆွေများနှင့် စပ်ဆိုင်သူများ ထံသို့ရောက်ရှိသကဲ့သို့ သူတို့အားလမ်းညွှန်ပေးရန် ဘုရားသခင်ထံသို့ ဆုတောင်းနေသလား။

**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား
- သမ္မာကျမ်းစာများ
- ကျမ်းချက်များ- ယေရှုသည် ဘယ်အချိန်တွင်ဆုတောင်းခဲ့သနည်း။
  ယေရှုသည် အဘယ်အရာအတွက်ဆုတောင်းပေးခဲ့သနည်း။

---

**သရုပ်ဖော်ခြင်း-** မိတ်ဆွေနှစ်ဦးတို့သည် စကားပြောနေကြသည်။

**ပထမပုဂ္ဂိုလ်-** ကျွန်တော် တို့ ဆုတောင်းချိန် ကို ဒီည သင် လာလို့ ရမလား။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်လာတော့လာချင်တယ်။ ဒါပေမဲ့ ကျွန်တော်အရမ်းအလုပ်များနေတယ်။

**ပထမပုဂ္ဂိုလ်-** အို… သင်ဘာလုပ်နေသလဲ။

**ဒုတိယပုဂ္ဂိုလ်-** ပထမအနေဖြင့် ကျွန်တော်သည် ပန်းခြံတစ်ခုတွင်အလုပ်လုပ်ရန်ရှိသည်။ ၎င်းနောက် ကျွန်တော်သည် သတင်းနားထောင်ပါလိမ့်မယ်။ အို…. ဒီနေ့ည ရုပ်မြင်သံကြားတွင် အင်မတန်မှနာမည်ကြီးသောဘောလုံးပွဲတစ်ပွဲရှိသည်။

**ပထမပုဂ္ဂိုလ်-** ဒါဆို ခင်များအတွက် ဆုတောင်းချိန်မရှိတော့ဘူးပေါ့။

**ဒုတိယပုဂ္ဂိုလ်-** ဒီနေ့ညမဟုတ်ဘူး၊ အခြားတစ်ချိန်ချိန်ဖြစ်နိုင်သည်။

# ဘယ်အချိန် မှာ ယေရှု ဆုတောင်းခဲ့သနည်း။
# ယေရှုသည် အဘယ်အရာတွက်ဆုတောင်းပေးခဲ့သနည်း။

အဖွဲ့ငယ်များ ခွဲပါ။ တစ်ဖွဲ့စီတိုင်းသည် ကျမ်းပိုဒ် ၂ သို့မဟုတ် ၃ ပိုဒ်ကို ကြည့်လိမ့်မည်။
သင်သည် အခြားသောကျမ်းချက်များကိုလည်း ထပ်ဖြည့်စွက်နိုင်သည်။

| | |
|---|---|
| **လုကာ ၅း၁၅-၁၆** | **လုကာ ၆း၁၂-၁၃**<br>(ယေရှု ဘာလုပ်တော့မလဲ။) |
| **မာကု ၁း၃၅-၃၈**<br>(ယေရှုသည် မနေ့ က ဘာလုပ်ခဲ့သလဲ)<br>(ထို့နောက် ယေရှုသည် အဘယ်အရာကို လုပ်ဆောင်ရန် ပြင်ဆင် နေခဲ့သနည်း) | **မာဿဲ ၁၄း၂၂-၂၃**<br>(ဤအရာမဖြစ်ပျက်မှီ ဘာဖြစ်ပျက်ခဲ့သနည်း။) |
| **ယောဟန် ၅း၁၉-၂၀**<br>(ယေရှုပြုခဲ့သောအရာအားလုံးအား အဘယ်ကဲ့သို့ပြုလုပ်နိုင်ခဲ့သနည်း။) | **မဿဲ ၆း၉-၁၀**<br>(ယေရှုသည် အဘယ်အရာအတွက် ဆုတောင်းပေးခဲ့သနည်း) |
| **မဿဲ ၂၆း၃၆-၃၉**<br>(ဤအရာသည် ဘယ်အချိန်၌ ဖြစ်ပျက်ခဲ့သနည်း) | **ယောဟန် ၁၇း၂၀-၂၁**<br>(ဤအရာသည် ဘယ်အချိန်တွင် ဖြစ်ပျက်ခဲ့သနည်း။<br>ယေရှုမည်သူ<br>အတွက်ဆုတောင်းပေးနေသနည်း။) |

ယောဟန် ၆း၄၄-၄၅

**သမ္မာကျမ်းစာကိုးကားချက်များ-** ယေရှုကဲ့သို့ဆုတောင်းရန် လေ့လာသင်ယူခြင်း
(သင်တန်းမှူးကိုးကားချက်အတွက်သာ- မှတ်စုအတွက်မဟုတ်ပါ)

<u>ရှင်လုကာခရစ်ဝင် ၅း၁၅-၁၆</u>
**၁၅** သို့သော်လည်း သိတင်းတော်သည်သာ၍ကျော်စောသဖြင့်၊ များစွာသောလူအပေါင်းတို့သည် တရားနာလိုသော
ငှါ၎င်း၊ အနာရောဂါငြိမ်းစေခြင်းကျေးဇူးတော်ကိုခံလိုသောငှါ၎င်းစုဝေးလျက်ရှိကြ၏။
**၁၆** ကိုယ်တော်သည်တောအရပ်သို့ကြွ၍ဆုတောင်းလေ့ရှိတော်မူ၏။

<u>ရှင်လုကာခရစ်ဝင် ၆း၁၂-၁၃</u>
**၁၂** ထိုနေ့ရက်ကာလ၌ကိုယ်တော်သည်ဆုတောင်းပဌနာပြုခြင်းငှါတောင်ပေါ်သို့ကြွ၍ဘုရားသခင်အားဆုတောင်း
ပဌနာပြုလျက်တညဥ့်လုံးနေတော်မူ၏။
**၁၃** မိုယ်းလင်းသောအခါတပည့်တော်တို့ကိုခေါ်တော်မူ၍၊

<u>ရှင်မာကုခရစ်ဝင် ၁း၃၅-၃၈</u>
**၃၅** နံနက်အချိန်၊ မိုယ်းမလင်းမီကိုယ်တော်သည်ထပြီးလျှင်တောအရပ်သို့ထွက်ကြွလျက်ဆုတောင်းတော်မူ၏။
**၃၆** ရှိမုန်နှင့်သူ၏အပေါင်းအဘော်တို့သည်လိုက်၍ရှာကြသော်၊
**၃၇** ကိုယ်တော်ကိုတွေ့လျှင် လူအပေါင်းတို့သည်ကိုယ်တော်ကိုရှာကြပါသည်ဟုလျှောက်ဆို၏။
**၃၈** ကိုယ်တော်ကလည်းငါသည်နီးစပ်သောမြို့ရွာတို့၌တရားဟောခြင်းငှါသွားကြကုန်အံ့။ ထိုသို့အလိုငှါငါကြွလာပြီ ဟု
မိန့်တော်မူ၍၊

<u>ရှင်မဿဲခရစ်ဝင် ၁၄း၂၂-၂၃</u>
**၂၂** ယေရှုသည်စည်းဝေးသောသူတို့ကိုလွှတ်တော်မူစဉ်တွင်၊ တပည့်တော်တို့ကိုလှေစီးစေ၍ကမ်းတဘက်သို့ အရင်
ကူးစေတော်မူ၏။
**၂၃** စည်းဝေးသောသူတို့ကိုလွှတ်ပြီးမှ ဆုတောင်းပဌနာပြုအံ့သောငှါ တောင်ပေါ်၌ဆိတ်ကွယ်ရာအရပ်သို့
တက်ကြွသ ဖြင့်၊ ညအချိန်ရောက်သောအခါ၊ တယောက်ထဲရှိနေတော်မူ၏။

<u>ရှင်ယောဟန်ခရစ်ဝင် ၅း၁၉-၂၀</u>
**၁၉** ယေရှုကလည်း၊ သင်တို့အားငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကိုသားတော်သည်
မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုမူသမျှတိုင်းသားတော်လည်းပြု၏။
**၂၀** ခမည်းတော်သည် သားတော်ကိုချစ်တော်မူ၍ပြုတော်မူသမျှတို့ကို သားတော်အားပြတော်မူ၏။ သင်တို့သည်
အံ့ဩဘွယ်ရှိစေခြင်းငှါ ဤမျှမက သာ၍ကြီးစွာသော အမှုအရာတို့ကိုသားတော်အားပြတော်မူလိမ့်မည်။

<u>ရှင်မဿဲခရစ်ဝင် ၆း၉-၁၀</u>
**၉** ထို့ကြောင့်သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏
နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော။
**၁၀** နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း
ပြည့်စုံပါစေသော။

<u>ရှင်မဿဲခရစ်ဝင် ၂၆း၃၆-၃၉</u>

၃၆ ထိုအခါယေရှုသည်သူတို့နှင့်အတူ ဂေသရေမန်အရပ်သို့ ရောက်တော်မူလျှင်၊ ငါသည် ဟိုအရပ်သို့သွား၍
ဆုတောင်းစဉ်တွင် ဤအရပ်၌ထိုင်နေကြလော့ဟု တပည့်တော်တို့အားမိန့်တော်မူပြီးမှ၊
၃၇ ပေတရုနှင့်ဇေဗေဒဲ၏သားနှစ်ယောက်တို့ကိုခေါ်သွား၍၊ နလုံးမသာစိတ်ပူပန်ခြင်းသို့ရောက်တော်မူ၏။
၃၈ ထိုအခါယေရှုက၊ ငါသည်သေလောက်အောင် စိတ်နလုံးအလွန်ညှိုးငယ်ခြင်းရှိ၏။ ဤအရပ်၌ ငါနှင့်အတူ
စောင့်၍နေကြလော့ဟု တပည့်တော်သုံးယောက်တို့အားမိန့်တော်မူ၍၊
၃၉ ထိုမှအနည်းငယ်လွန်ပြန်လျှင် ပြပ်ဝပ်၍အကျွန်ုပ်အဘ၊ဤခွက်သည်အကျွန်ုပ်ကိုလွန်သွားနိုင်လျှင်လွန်သွားပါစေ။
သို့သော်လည်းအကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော ဟု
ဆုတောင်းတော်မူ၏။

<u>ရှင်ယောဟန်ခရစ်ဝင် ၁၇း၂၀-၂၁</u>

၂၀ ထိုသူတို့ အဘို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ၊ သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်
သောသူတို့အဘို့ကိုလည်း ဆုတောင်းပါ၏။
၂၁ ကိုယ်တော်သည်အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကိုလောကီသားတို့သည်ယုံကြမည်အကြောင်း၊ ထိုသူအပေါင်း
တို့သည် တလုံးတဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည်အကျွန်ုပ်၌ရှိတော်မူ၍အကျွန်ုပ်သည်လည်း
ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌တလုံးတဝတည်းဖြစ်စေခြင်းငှါဆုတောင်းပါ၏။

<u>ရှင်ယောဟန်ခရစ်ဝင် ၆း၄၄-၄၅</u>

၄၄ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည်သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှငါ့ထံသို့မလာနိုင်။
လာသောသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။
၄၅ အနာဂတ္တိကျမ်းစာ၌လာသည်ကား၊ ထိုသူအပေါင်းတို့သည်ဘုရားသခင်ဆုံးမသွန်သင်တော်မူသော
သူဖြစ်ကြလိမ့်မည် ဟု လာသည်နှင့်အညီ၊ ခမည်းတော်ထံ၌နားထောင်၍ နည်းခံသောသူမှန်သမျှတို့သည်
ငါ့ထံသို့လာကြ၏။